အမည် --------------------

(တစ်ပုစ္ဆာလျှင် ၁၀ မှတ်စီ)

၁။ အားရဝမ်းသာ ခနမာန်ယစ်နေသူ သူဌေးကြီးသန္တာန်၌ ဖြစ်သော စိတ်နှင့် စေတသိက်ကို ဖော်ပြပါ။

(ဖြေ)

၂။ ကစားစရာအရုပ်ပျောက်၍ ဟစ်အော်ငိုကြွေးနေသူ ကလေး၌ ဖြစ်နိုင်သော စိတ်နှင့်စေတသိက်ကို ဖော်ပြပါ။

(ဖြေ)

၃။ အတန်းထဲမှာ ကိုယ်သာလျှင် အတော်ဆုံး ဖြစ်နေစေချင်သူ၌ ဖြစ်သော စိတ်နှင့်စေတသိက်ကို ဖော်ပြပါ။

(ဖြေ)

၄။ လူသေကောင်ကို မြင်၍ လေးနက်စွာ သေရမည့်ဘေး ထက်ထက်သန်သန် ဉာဏ်ဖြင့် ဆင်ခြင်သူ၌ ဖြစ်သော စိတ်နှင့်စေတသိက်ကို ဖော်ပြပါ။

(ဖြေ)

၅။ လူသေကောင်ကို မြင်ရစဉ် ဖြစ်သော စိတ်နှင့်စေတသိက်ကို ရေးပြပါ။

(ဖြေ)

၆။ မိဘကို လုပ်ကျွေးရတာ ကုသိုလ်မဟုတ်၊ သို့သော် တာဝန်ယူသည့် အနေဖြင့် လုပ်ကျွေးသင့်သည်ဟု စွဲမြဲစွာ ယုံကြည်သူ၌ ဖြစ်သော စိတ်နှင့်စေတသိက်ကို ဖော်ပြပါ။

(ဖြေ)

၇။ သတင်းလွတ်လပ်ခွင့် ယုံကြည်ပြီး နှစ်ပြည်ထောင် စစ်ဖြစ်နိုင်လောက်သည့် စကားမှန်းသိလျှက် စစ်ဖြစ်စေရန် စကားပြောသူ၌ ဖြစ်သောစိတ်နှင့် စေတသိက်ကို ဖော်ပြပါ။

(ဖြေ)